

# ရှမ်းပြည်နယ်လွှတ်တော်

## လွှတ်တော်သတင်းလွှာ

## Shan State Hluttaw Bulletin



၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ( ၈ )ရက်၊ ၁၂. ၇. ၂၀၁၆၊ အတွဲ(၁)၊ အမှတ်(၂)







### ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ကျင်းပမှုအခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို(၈. ၂. ၂၀၁၆)ရက်နေ့မှ (၅. ၄. ၂၀၁၆)ရက်နေ့ထိ စုစုပေါင်း(၁၀)ရက် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အတည်ပြုခြင်း၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ အတည်ပြုခြင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်များ ရွေးချယ်အတည်ပြုခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များအား အတည်ပြုခြင်းနှင့် ပြည်နယ်လွှတ်တော်ရေးရာ ကော်မတီ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




လွှတ်တော်ဥက္ကဋ္ဌမှ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးအားကြီးကြပ်ဆောင်ရွက်နေစဉ်



### ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်ခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (အဌမနေ့) (၁. ၄. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာလင်းထွဋ် က ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ကတိသစ္စာပြုနေစဉ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ဦးကျော်သူဇော် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေပုံ



## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ မိန့်ခွန်းပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (နဝမနေ့) (၄. ၄. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဒေါက်တာလင်းထွဋ်မှ မိန့်ခွန်းပြောကြားရာတွင် "လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ ခင်ဗျာ. . .

ယနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၆၁) အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်အပ်နှင်းခြင်းခံရသည့်အတွက် လွှန်စွာမှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီထောက်ခံ အတည်ပြုပေးတဲ့အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။

ကျွန်တော့်အနေနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အသစ်ရဲ့ မူဝါဒများဖြစ်တဲ့ (က) အမျိုးသားရင်ကြားစေ့ရေး၊ (ခ) ပြည်တွင်းငြိမ်းချမ်းရေး၊ (ဂ) ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေး၊ (ဃ)ပြည်သူလူထုအများစုရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရှမ်းပြည်နယ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဧရိယာအကျယ်ဆုံး၊ တိုင်းရင်းသားမျိုးနွယ် အများဆုံး မှီတင်းနေထိုင်လျက်ရှိတဲ့ ပြည်နယ်ကြီးတစ်ခုဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များ၊ လူနေမှုအဆင့်အတန်းမြင့်မားရေးစတဲ့ ကိစ္စရပ်များကို ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်၏ ထိန်းကျောင်းမှုများနှင့်အတူ အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒေသနှင့်ကိုက်ညီပြီး လိုက်လျောညီထွေမှုရှိသည့် စီမံခန့်ခွဲမှုများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား ပြည်သူလူထု၏ လိုအပ်ချက်တွေကို အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်တော်တို့အစိုးရ အဖွဲ့အသစ်အနေနဲ့ အစီအမံများ ရေးဆွဲပြီး ပေးအပ်ထားတဲ့ ကတိကဝတ်များနှင့် ညီအောင်လည်း ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူလူထု နှစ်ရှည်လများ လိုလားတောင့်တနေသည့် နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမည်ကို ကျွန်တော့်အနေနဲ့ သိရှိနားလည်ထားပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနှင့် ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများ ပြည့်ဝစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား. . .။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အတည်ပြုခြင်းနှင့် ဝန်ကြီးဌာနများ အတည်ပြုခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(အဌမနေ့)(၁. ၄. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးကြီး စိုးမိုးအောင်အားလည်းကောင်း၊ အစည်းအဝေး(ဒသမနေ့) (၅. ၄. ၂၀၁၆)ရက်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ဖော်ပြပါလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာန(၉)ခုအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနများ အမည်စာရင်းအား ယှဉ်တွဲပါအတိုင်း ဖော်ပြအပ်ပါသည်။



ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ကတိသစ္စာပြုနေစဉ်



ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ကတိသစ္စာပြုနေစဉ်

## ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ် စာရင်းစစ်ချုပ် အတည်ပြုခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (အဌမနေ့) (၁. ၄. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ဦးတင်ဦးအား လည်းကောင်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်နန်းဝိုဟိန်းတို့အား

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာနများ အမည်စာရင်း

| | | |
|---|---|---|
| (က) | ဒေါက်တာလင်းထွဋ် | ရှမ်းပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ဗိုလ်မှူးကြီးစိုးမိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာန |
| (ဂ) | ဦးစိုင်းလုံကျော် | စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန |
| (ဃ) | ဦးခွန်ရဲထွေး | လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန |
| (င) | ဒေါက်တာညီညီအောင် | သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (စ) | ဦးဆွေသိန်း | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှု ဝန်ကြီးဌာန |
| (ဆ) | ဦးစိုးညွန့်လွင် | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဌာန |
| (ဇ) | ဒေါက်တာမျိုးထွန်း | လူမှုရေးဝန်ကြီးဌာန |
| (ဈ) | ဦးစိုင်းရှုန်တစ်လုံ | ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ည) | ဦးစိုင်းစွံဆိုင်း | စည်ပင်သာယာရေးဝန်ကြီးဌာန |

လည်းကောင်း ရွေးချယ်အတည်ပြုခဲ့ကြပြီး ရှမ်းပြည်နယ် ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်များအဖြစ် ရွေးချယ်ခံရ သူများမှ ကတိသစ္စာပြုခဲ့ကြပါသည်။



ရှမ်းပြည်နယ်ဥပဒေချုပ်နှင့်စာရင်းစစ်ချုပ်တို့ကတိသစ္စာပြုနေစဉ်



## ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ အတည်ပြုခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဌမနေ့) (၁. ၄. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသူများအား အတည်ပြုခြင်းနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများမှ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများမှ ကတိသစ္စာပြုနေစဉ်

## လူမျိုးစုအလိုက် ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ အမည်စာရင်း

(က) ဒေါက်တာအောင်သန်းမောင် ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(ခ) ဦးဇုတ်ဒေါင် ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(ဂ) ဦးဂူဆာ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(ဃ) ဦးယောသပ် လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(င) ဦးအာဗေလ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(စ) ဒေါက်တာထွန်းလှိုင် အင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(ဆ) ဦးခွန်းအေးမောင် ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

## ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များအား အတည်ပြုခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) (၅-၄-၂၀၁၆)ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌမှလွဲ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များအား အတည်ပြုခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများမှ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

### (၁) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ

(က) ဦးစံလွင် ဥက္ကဋ္ဌ
ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ခ) ဦးခွန်လှသိန်း အဖွဲ့ဝင်
ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဂ) ဦးခွန်မောင်ပယ် အဖွဲ့ဝင်
ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးခွန်လှဆန်း အဖွဲ့ဝင်
ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(င) ဗိုလ်မှူးသက်နောင်စိုး အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

### (၂)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ

(က) ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း ဥက္ကဋ္ဌ
နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ခ) ဦးသိန်းဇော် အဖွဲ့ဝင်
မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဂ) ဗိုလ်မှူးကျော်မြင့်လွင် အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

### (၃)ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ

(က) ဦးကျောက်တယ်ချန် ဥက္ကဋ္ဌ
ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ခ) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင် အဖွဲ့ဝင်
လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဂ) ဦးဝေစန်း အဖွဲ့ဝင်
ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဒုတိယဗိုလ်မှူးကြီး/ဗိုလ်မှူးအောင်ခိုင်ဝင်း အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

## (၄)“ ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ

(က) ဦးခွန်ထွန်းလူ(ခ)ဒီကီ ဥက္ကဋ္ဌ
ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ခ) ဦးရန်ကျော် အဖွဲ့ဝင်
ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဂ) ဦးညီနပ် အဖွဲ့ဝင်
မက်မန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဗိုလ်မှူးရန်နောင်ဝင်း အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်



ရှမ်းပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများမှ ကတိသစ္စာပြုနေစဉ်

## ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ ဖွဲ့စည်းမှု အခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး (တတိယနေ့)(၂၆. ၂. ၂၀၁၆)ရက်နေ့တွင် အောက်ပါကော်မတီ(၃)ခုကို ဖွဲ့စည်းအတည်ပြုခဲ့ပြီး ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် (ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ)မှ ဖတ်ကြားရှင်းလင်းခဲ့ပါသည် -

### (၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ

(က) ဦးထွန်းရင် ဥက္ကဋ္ဌ
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ခ) ဦးစိုင်းစံထွန်း အဖွဲ့ဝင်
ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဂ) ဦးစောမူးလာ အဖွဲ့ဝင်
မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဦးမင်းမင်းသိန်း အဖွဲ့ဝင်
မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(င) ဦးလင်းအောင်ဆွေ အတွင်းရေးမှူး
နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

### (၂)တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ

(က) ဦးစိုင်းကျော်သိန်း ဥက္ကဋ္ဌ
မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ခ) ဦးသိန်းဇော်မိုး အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဂ) ဦးစိုင်းကျော်ဇေယျ(ခ) အဖွဲ့ဝင်
ဦးစိုင်းယဉ်
လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဦးစိုင်းပန် အဖွဲ့ဝင်
မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(င) ဦးခွန်ဟန်သိန်းဦး အဖွဲ့ဝင်
မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(စ) ဦးအိုက်ခမ်းလှိုင် အဖွဲ့ဝင်
မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဆ) ဦးတင်ဝင်း အဖွဲ့ဝင်
မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဇ) ဦးကိန်မိုင် အဖွဲ့ဝင်
မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဈ) ဦးစိုင်းစိန်လူ အဖွဲ့ဝင်
သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ည) ဦးညီနပ် အဖွဲ့ဝင်
မက်မန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဋ) ဦးဘောရင်နယ်(ခ) အဖွဲ့ဝင်
ဦးခင်မောင်လွင်
လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဌ) ဦးခွန်စောအောင် အဖွဲ့ဝင်
ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဍ) ဦးအယိုင်စဉ် အဖွဲ့ဝင်
မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ပ) ဗိုလ်မှူးရီမွန် အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဏ) ဦးစိုင်းကျောက် အတွင်းရေးမှူး
မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)(၂၄. ၃. ၂၀၁၆)ရက်နေ့တွင် အောက်ပါကော်မတီ(၂)ခုကို ဖွဲ့စည်းအတည်ပြုခဲ့ပြီး ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများမှ ဖတ်ကြားရှင်းလင်းခဲ့ပါသည် -

## (၁)တိုင်ကြားစာများစိစစ်ရေးကော်မတီ

(က) ဦးစိုင်းမျိုးမြင့် ဥက္ကဋ္ဌ
မိုးနဲမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ခ) ဦးစိုင်းဆန်စိန် အဖွဲ့ဝင်
တန့်ယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ဂ) ဒေါ်နန်းဖွေးဟွမ်ဦး အဖွဲ့ဝင်
မောက်မယ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင် အဖွဲ့ဝင်
မိုင်းတုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( င) ဦးခွန်လှဆန်း အဖွဲ့ဝင်
ပင်လောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( စ) ဗိုလ်မှူးဝင်းဟန် အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဆ) ဦးအားကို အတွင်းရေးမှူး
မိုင်းဖြတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

## (၂)ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ စိစစ်ရေးကော်မတီ

(က) ဦးခင်မောင်တင့် ဥက္ကဋ္ဌ
တာချီလိတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ခ) ဦးဒါဝိဒ် အဖွဲ့ဝင်
မိုင်းဆတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ဂ) ဦးတင်လှိုင် အဖွဲ့ဝင်
နမ္မတူမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဦးစိုင်းမွန်းလိန် အဖွဲ့ဝင်
မိုးနဲမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( င) ဦးရန်ကျော် အဖွဲ့ဝင်
ဟိုပန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( စ) ဗိုလ်မှူးစောစိန်ကျော် အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဆ) ဒေါ်နန်းစမ်းစမ်းအေး အတွင်းရေးမှူး
သီပေါမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

## (၃)ဥပဒေပြုရေးဆိုင်ရာကော်မတီ

(က) ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ် ဥက္ကဋ္ဌ
ရွာငံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ခ) ဒေါ်မေရီချို အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ဂ) ဦးစိုင်းအောင်ကျော်ဦး အဖွဲ့ဝင်
ကွန်ဟိန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးခွန်ဒီဂေါလ် အဖွဲ့ဝင်
လွိုင်လင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( င) ဦးစိုင်းအောင်မျိုးကျော် အဖွဲ့ဝင်
လင်းခေးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( စ) ဦးပီတာသောင်းစိန် အဖွဲ့ဝင်
ကျိုင်းတုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ဆ) ဦးစိုင်းထွန်းဉာဏ် အဖွဲ့ဝင်
ကျောက်မဲမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ဇ) ဦးမောင်ညို အဖွဲ့ဝင်
မဘိမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ဈ) ဦးအောင်ထွဏ်း အဖွဲ့ဝင်
နမ့်ဆန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ည) ဗိုလ်မှူးအောင်မျိုးကြည် အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

( ဋ) ဦးညီညီ(ခ) ဦးညီလေးချမ်း အတွင်းရေးမှူး
ပင်းတယမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)




ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖတ်ကြားရှင်းလင်းနေစဉ်



တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့် က ဖတ်ကြားရှင်းလင်းနေစဉ်




ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့်မှ ဖတ်ကြားရှင်းလင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)(၂၅. ၃. ၂၀၁၆)ရက်နေ့တွင် အောက်ပါကော်မတီ(၂)ခု ကို ဖွဲ့စည်းအတည်ပြုခဲ့ပြီး ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ များမှ ဖတ်ကြားရှင်းလင်း ခဲ့ပါသည် -

### (၁)ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ

(က) ဦးစိုင်းလုံကျော်   ဥက္ကဋ္ဌ
ရပ်စောက်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ခ ) ဦးစိုင်းလှိုင်ခမ်း   အဖွဲ့ဝင်
မိုင်းယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ဂ ) ဦးအန်းဂျေလို   အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးစိုင်းစံဖေ   အဖွဲ့ဝင်
မိုင်းရယ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( င ) ဦးအောင်ဝင်း   အဖွဲ့ဝင်
နမ့်ခမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( စ ) ဗိုလ်မှူးသိန်းဇော်ဦး   အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဆ) ဒေါ်ရီရီဝင်း   အတွင်းရေးမှူး
မိုးမိတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

### (၂)ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီ

(က) ဦးစိုင်းဝန်းဆမ်   ဥက္ကဋ္ဌ
မိုင်းခတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ခ ) ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး   အဖွဲ့ဝင်
ကလောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ဂ ) ဒေါ်နန်းခင်ထားရီ   အဖွဲ့ဝင်
သိန္နီမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဦးအိုက်မွန်း   အဖွဲ့ဝင်
ကွတ်ခိုင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( င ) ဦးဇော်ထွန်း   အဖွဲ့ဝင်
ကွမ်းလုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( စ ) ဗိုလ်မှူးရဲမြတ်ထွန်း   အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဆ) ဦးစိုင်းရှန်တစ်လုံ   အတွင်းရေးမှူး
မိုင်းယောင်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)




အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရပ်စောက်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံကျော် က ဖတ်ကြားရှင်းလင်းနေစဉ်

**ဒီမိုကရေစီ ဖော်ဆောင်ရေး လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**




**ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က ဖတ်ကြားရှင်းလင်းနေစဉ်**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)(၂၈. ၃. ၂၀၁၆)ရက်နေ့တွင် အောက်ပါကော်မတီ(၂)ခုကို ဖွဲ့စည်းအတည်ပြုခဲ့ပြီး ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများမှ ဖတ်ကြားရှင်းလင်းခဲ့ပါသည် -

## (၁)တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ

(က) ဦးသန်းထိုက် ဥက္ကဋ္ဌ
ကလောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

( ခ) ဦးအီးရှာမွေ အဖွဲ့ဝင်
မိုင်းပျဉ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( ဂ) ဦးမြင့်ဆွေ အဖွဲ့ဝင်
နောင်ချိုမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(ဃ) ဦးစိုင်းထွန်းဝင်း(ခ) အဖွဲ့ဝင်
ဦးစိုင်းနော်ခမ်း
ကျောက်မဲမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( င) ဦးသိန်းဇော် အဖွဲ့ဝင်
မန်တုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

( စ) ဗိုလ်ကြီးအောင်ကျော်မြင့်ဝင်း အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဆ) ဦးစိုင်းခမ်းမြတ် အတွင်းရေးမှူး
တန့်ယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

## (၂) တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ

(က) ဦးစိုင်းလုံ ဥက္ကဋ္ဌ
နမ့်စန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ခ) ဦးစိုင်းမြင့်ထူး အဖွဲ့ဝင်
မိုင်းရယ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(ဂ) ဦးစိုင်းအောင်ခမ်း အဖွဲ့ဝင်
မိုင်းပန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဦးစိုင်းစံဆိုင်း အဖွဲ့ဝင်
တာချီလိတ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(င) ဦးခွန်မောင်ဖြူ အဖွဲ့ဝင်
ဟိုပုံးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)

(စ) ဦးအေးမောင် အဖွဲ့ဝင်
နမ့်ခမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ဆ) ဦးကျဲဇော် အဖွဲ့ဝင်
မက်မန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)

(ဇ) ဗိုလ်မှူးစိုးသူရ အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

(ဈ) ဦးခွန်သူရအောင် အတွင်းရေးမှူး
တောင်ကြီးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)




**တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့် စပ်လျဉ်း၍ ကလောမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က ဖတ်ကြားရှင်းလင်းနေစဉ်**

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက်(Objectives)**

(၁) ဥပဒေပြုခြင်း
(၂) ကိုယ်စားပြုခြင်း
(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း
(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ၏ အရည်အသွေး မြှင့်မားစေရေး ဆောင်ရွက်ခြင်း



တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံမှ ဖတ်ကြားရှင်းလင်းနေစဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်မှ အဆိုတင်သွင်းနေစဉ်

## ရှမ်းပြည်နယ်အတွင်း မီးဘေးနှင့် စစ်ဘေးရှောင် ပြည်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် လှူဒါန်းခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(တတိယနေ့)(၂၆. ၂. ၂၀၁၆)ရက်နေ့တွင် မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းနှင့် ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်တို့က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ (၂)ရက်စာ နေ့တွက်စရိတ်ကို နမ့်ဆန်မီးဘေးသင့် ပြည်သူများနှင့် ကျောက်မဲစစ်ဘေးရှောင် ပြည်သူများအတွက် လှူဒါန်းပေးရန် အဆိုတင်သွင်းမှုအပေါ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘောတူညီသည့်အတွက် နေ့တွက်စရိတ် (၂) ရက်စာအား လှူဒါန်းခဲ့ပါသည်။ ထို့ပြင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှလည်း နမ့်ဆန်မြို့နယ် မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။




ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ နမ့်ဆန်မြို့နယ်မီးဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု လက်မှတ်ရေးထိုးနေစဉ်



မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းအဆိုတင်သွင်းနေစဉ်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation




**ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြား**

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်သော ရှမ်းပြည်နယ် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ကွန်ရက်ဖိုရမ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် (UNDP)မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ စွမ်းဆောင်ရည် မြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများကို တက်ရောက်အားပေးခဲ့ဖူးပါကြောင်း၊ ဆွေးနွေးပွဲများတွင်ရှမ်းပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများနှင့် ပြည်သူများရဲ့ ဘဝလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့တာကို တွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းတဲ့အခါမှာ အရပ်ဘက်လူမှု အဖွဲ့အစည်းများရဲ့ လှုပ်ရှားဆောင်ရွက်မှု အခန်းကဏ္ဍဟာ ပေါ်လွင်ထင်ရှားလာပြီး ပဉ္စမမဏ္ဍိုင်အဖြစ် အသိအမှတ်ပြု လက်ခံလာနေပြီဖြစ်ပါကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့များအနေနဲ့ မိမိဒေသမှာရှိတဲ့ ပြည်သူများရင်ဆိုင်နေရတဲ့ အခက်အခဲများ ပြဿနာများနဲ့ စိန်ခေါ်မှုများကို ထဲထဲဝင်ဝင် သိရှိအောင်လေ့လာပြီး ပြည်သူတို့ရဲ့ လိုအင်များနှင့် ခံစားချက်များကို ဖြည့်ဆည်းပေးရမှာဖြစ်ပြီး ရလဒ်များကို လက်တွေ့ဘဝမှာ အသုံးချဖို့ မှာကြားလိုပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရေးရာကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတကဏ္ဍ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကဏ္ဍ၊ လယ်ယာမြေပြဿနာ ဖြေရှင်းရေးကဏ္ဍနှင့် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသည့် ကဏ္ဍများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူပညာရှင်များက ဦးဆောင်ဆွေးနွေးမည်ဟု သိရှိရပါကြောင်းနှင့် အုပ်စုလိုက်လှုပ်ရှားမှုအနေနဲ့ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းကြပြီး ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းများ ရှာကြံကြမည်ဟုလည်း သိရှိရပါကြောင်း၊ ရှမ်းပြည်နယ်လွှတ်တော်ဟာ ပြည်သူများအတွက် ဥပဒေများရေးဆွဲပြဋ္ဌာန်းပေးနေကြောင်း၊ လွှတ်တော်ကဥပဒေပြုရေးအာဏာ၊ အစိုးရက အုပ်ချုပ်ရေးအာဏာနှင့် တရားလွှတ်တော်မှ တရားစီရင်ရေးအာဏာများကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ယခုအချိန်သည် ပြည်ထောင်စုသား အားလုံးလိုလားဆန္ဒရှိနေကြတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးမှတဆင့် ထာဝရ ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ လိုလားတောင့်တနေကြတဲ့ "ဒီမိုကရေစီအရေး၊ တန်းတူညီမျှရေး၊ ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြဋ္ဌာန်းခွင့်ရရှိရေး"ကို အခြေခံတဲ့ ဖက်ဒရယ် ပြည်ထောင်စုစနစ် တည်ဆောက်ရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေတဲ့ကာလ ဖြစ်ပါကြောင်း၊ ဒါကြောင့် အမျိုးသားများသာမက အမျိုးသမီးထုတွေကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်(၇)ဦး ရှိပါကြောင်း၊ လယ်ယာမြေပြဿနာ၊ မူးယစ်ဆေးဝါး သုံးစွဲမှု

ပြဿနာတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှု တောင့်တင်းခိုင်မာရေးအတွက် ဗဟိုချုပ်ကိုင်မှု လျော့ချရေးသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ နိဂုံးချုပ်အားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ အခြေအနေ အကြောင်းအရာများပေါ် မူတည်ပြီး အရေးပါသော ကိစ္စများနှင့် ပြဿနာများ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍများကို ပါဝင်ဆွေးနွေးကြပြီး တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာကြံရင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အရည်အသွေးများကို မြှင့်တင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ဓမ္မာရုံတည်ဆောက်ရန်အတွက် ငွေလှူဒါန်း

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ကျိုင်းတုံမြို့၊ ခါတ်စွမ်ဖွဲ့၊ ဝမ်ဆိုင်းစေတီတော်တွင် ဓမ္မာရုံတည်ဆောက်ရခြင်း မရှိသေးသည့်အပေါ် ဓမ္မာရုံတည်ဆောက်နိုင်ရေးအတွက် ရှေးဦးမတည် လှူဒါန်းငွေကျပ်(၃၀)သိန်းအား ဝမ်ဆိုင်းစေတီတော် ဂေါပကအဖွဲ့အား ပေးအပ်လှူဒါန်းခဲ့ပါကြောင်း သိရှိရပါသည်။



ကျိုင်းတုံမြို့၊ ခါတ်စွမ်ဖွဲ့၊ ဝမ်ဆိုင်းစေတီတော်ပုံ



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှငွေကျပ်(၃၀)သိန်းအား လှူဒါန်းနေပုံ

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် သက်ကြီးဘိုးဘွား ပူဇော်ပွဲပြုလုပ်

ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၁၂-၄-၂၀၁၆) ရက်နေ့၌ ရှာင်မြို့နယ်တွင် သက်ကြီးဘိုးဘွားပူဇော်ပွဲ ပြုလုပ်ခဲ့ပါသည်။ သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ အသက်(၈၀)နှစ်နှင့်အထက် ဘိုးဘွား (၈၀၅) ဦးအား တစ်ဦးလျှင် တန်ဖိုးငွေ (၁၁၅၀၀/-)ကျပ် လှူဒါန်းခဲ့ပြီး တက်ရောက်လာသူများနှင့် ဘိုးဘွားများအား နေ့လည်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။



ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ သက်ကြီးဘိုးဘွားများအား လှူဒါန်းနေပုံ

## သတင်းမီဒီယာများ ခွင့်ပြုမှု အခြေအနေ

(၈-၂-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် သတင်းမီဒီယာများအား ပွင့်လင်းမြင်သာစွာ သတင်းရယူနိုင်ရန်အတွက် သတင်းရယူခွင့် တင်ပြလာသော ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Southern Shan State Media Network၊ သျှမ်းသံတော်ဆင့်၊ Myanmar's Time၊ The People's Voice၊ Seven Day News၊ Eleven Media Group တို့အား ခွင့်ပြုပေးခဲ့ပါသည်။



သတင်း Media များ သတင်းမှတ်တမ်း ရယူနေပုံ

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ United Nation Development Programme (UNDP) မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ဦးကျော်သူဇော်တို့သည် United Nation Development Programme (UNDP)မှ Ms Emma Morleyနှင့် Mr Phillipp Annawitt တို့ ဦးဆောင်သော အဖွဲ့အား ဧပြီလ (၂၉) ရက်နေ့ မွန်းလွဲ (၁၄၃၀) နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် ဧည့်ခန်းမ၌တွေ့ဆုံခဲ့ကြောင်း သိရှိရပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ (UNDP)မှ ကိုယ်စားလှယ်များ မှတ်တမ်းဓာတ်ပုံ

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ဦးကျော်သူဇော်တို့သည် တရုတ်ကောင်စစ်ဝန်ရုံးမှ Mr Wang Yu(ကောင်စစ်ဝန်ချုပ်) Mr Lei Yang (ကောင်စစ်ဝန်)နှင့် Ms Yang Shang (ကောင်စစ်ဝန်)တို့ အဖွဲ့အား မေလ(၁၉)ရက်နေ့ မွန်းလွဲ (၁၅၃၀)နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် ဧည့်ခန်းမ၌တွေ့ဆုံခဲ့ကြောင်း သိရှိရပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ Mr Wang Yu နှင့်အဖွဲ့ မှတ်တမ်းဓာတ်ပုံ

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ

### ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ခြင်းဆောင်ရွက်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးအောင်သန်းထွန်း၊ ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင် တို့သည် ဒေသဦးစီးအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး (လောက်ကိုင်)တို့နှင့်အတူ ၂၂-၄-၂၀၁၆ရက်နေ့တွင် လောက်ကိုင်မြို့နယ်၊ ထင်ပါကျိုင်းကျေးရွာအုပ်စု၊ မန်ကျူးကျေးရွာသစ်ရှိ လေဘေးသင့်ပြည်သူများအား သွပ်နှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၆-၄-၂၀၁၆ ရက်နေ့တွင် လောက်ကိုင်မြို့ ချမ်းမြေ့ဂူဏ်ဝေ သီလရှင်ကျောင်းတိုက် ရေစက်ချပွဲနှင့် ကျောင်းတိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။





## ကယန်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဆရာ/ဆရာမများနှင့် တွေ့ဆုံခြင်း၊ အမှိုက်ရှင်းလင်းခြင်းများ ဆောင်ရွက်

ကယန်းတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးခွန်းအေးမောင်သည် ၁၁-၅-၂၀၁၆ ရက်နေ့တွင် ဖယ်ခုံမြို့နယ်ခန်းမ၌ ဆရာ/ဆရာမ (၄၅၀)ဦး၊ လူမှုရေးအဖွဲ့အစည်းများမှ (၅၀)ဦးနှင့် တွေ့ဆုံ၍ ပညာသင်နှစ်သစ်အတွက် ပညာရေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကလေးပညာရေးမြှင့်တင်နိုင်ရေးအတွက် မိဘဆရာ ပူးပေါင်းဆောင်ရွက်ရန်၊ ဆရာ/ ဆရာမများ၏ အခက်အခဲများ သိရှိစေရန်၊ပညာရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ဒေသခံများ ပူးပေါင်း၍ ပညာရေးစနစ် အားကောင်းလာစေရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

၂၇-၅-၂၀၁၆ ရက်နေ့တွင် ဝန်ကြီးသည် ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို ၊ ဇင်ညီနောင်ကုမ္ပဏီ၊ ဒေသခံများနှင့်ပူးပေါင်း၍ မိုးဗြဲကျေးရွာအုပ်စုတွင် နှစ်ရှည်လများ စွန့်ပစ်ခဲ့သော အမှိုက်ပုံများ၊ အညစ်အကြေးများ ရှင်းလင်းခြင်းနှင့် အမှိုက်စနစ်တကျ စွန့်ပစ်ရေးအတွက်ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

## လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ပြည်သူများနှင့် တွေ့ဆုံခြင်း၊ လေဘေးသင့် ပြည်သူများအား ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်

လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်သည် ၇-၅-၂၀၁၆ ရက်နေမှ ၂၉-၅-၂၀၁၆ ရက်နေ့အတွင်းတွင် လားရှိုးမြို့နယ်နှင့် နောင်ချိုမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် မိုးမိတ်မြို့နယ်များသို့ သွားရောက်၍ ဒေသခံ ပြည်သူလူထုများနှင့် ရင်းနှီးစွာတွေ့ဆုံခြင်း၊ မိုင်းရယ်မြို့နယ်၊ မန်ကောင်းကျေးရွာတွင် ဘုရားကျောင်း ဆက်ကပ်ခြင်း၊ မိုးမိတ်မြို့နယ်၊ ပေကုန်းကျေးရွာ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများဖြင့် ကူညီပံ့ပိုးခြင်းနှင့် တွေ့ဆုံအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ စစ်ဘေးရှောင်အိမ်ရာ ဆောက်လုပ်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေး



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဘေရင်နယ် (ခ) ဦးခင်မောင်လွင်တို့သည် ဒေသဦးစီးအဖွဲ့ဝင်များနှင့်အတူ ၂၀-၅-၂၀၁၆ ရက်နေ့တွင် တိုက်ပွဲရှောင်ပြည်သူများအတွက် မြေနေရာဖော်ထုတ်နေမှုနှင့် အိမ်ရာဆောက်လုပ်နေမှု အခြေအနေများအား ကြည့်ရှုခဲ့ကြောင်း သိရှိရပါသည်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ ဆရာ/ဆရာမများ လေ့ကျင့်သင်တန်းဖွင့်ပွဲနှင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ဒေသဦးစီးအဖွဲ့ဝင်များနှင့်အတူ ၁၅-၅-၂၀၁၆ ရက်နေ့တွင် လောက်ကိုင်မြို့တွင် ကျင်းပသည့် သူငယ်တန်းသင် ဆရာ/ဆရာမများ လေ့ကျင့်သင်တန်းဖွင့်ပွဲနှင့် ၂၅-၅-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။



## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ချင်းရွှေဟော် ပြည်သူ့ဆေးရုံအား သွားရောက်ကြည့်ရှု စစ်ဆေးခြင်း ဆောင်ရွက်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဘေရင်နယ် (ခ) ဦးခင်မောင်လွင်တို့သည် ဒေသဦးစီးအဖွဲ့ဝင်များနှင့်အတူ ၁၅-၅-၂၀၁၆ ရက်နေ့တွင် ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေး စကား ပြောကြားခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ကျောင်းအပ်နှံရေး အခမ်းအနားသို့ တက်ရောက်လှူဒါန်း

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းသည် ၃၀-၅-၂၀၁၆ ရက်နေ့ နံနက်(၀၇၃၀)နာရီတွင် မိုင်းပန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၊ နမ့်ပန်ခန်းမတွင် ကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ် ဒါဇင် (၁၀၀)အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်း ပြည်ထောင်စုဝန်ကြီးခရီးစဉ်နှင့်လေဘေးသင့်ပြည်သူများ ထောက်ပံ့ခြင်းများကို လိုက်ပါဆောင်ရွက်



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းသည် ၂၈-၄-၂၀၁၆ ရက်နေ့တွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ ပင်းတယမြို့နယ် လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းသော သွပ်များအား လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ နမ့်လတ်ချောင်းပြုပြင်ခြင်းနှင့် ကျောင်းအပ်နှံရေး အခမ်းအနားသို့ တက်ရောက်အားပေး



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေသည်၂၈-၅-၂၀၁၆ ရက်နေ့တွင် နမ့်လတ်ချောင်းအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် စုပေါင်းလုပ်အားပေး ဆောင်ရွက်ခြင်းနှင့် (၀၉၀၀)နာရီတွင် ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားသို့ တက်ရောက်ပြီး ပညာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံထွန်း နယ်လှည့်ဆေးကုသရေး၊ မြို့နယ်ရေပေးဝေရေးနှင့် ဒေသဖွံ့ဖြိုးရေးများအား လိုက်ပါဆောင်ရွက်



ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းနှင့်အဖွဲ့သည် မြို့ရေပေးဝေရေးဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရေး အစည်းအဝေး ကျင်းပခြင်း၊ ဝမ်လောကျေးရွာအုပ်စုအတွင်း အမှတ်(၉) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆေးကုသပေးနေမှုများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖွဲ့နှင့်အတူ လိုက်ပါကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲနှင့် တောင်သူလယ်သမား ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုသည် ၆-၆-၂၀၁၆ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ နမ့်ပုံးပုံးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်းနှင့် ၁၂-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပသော တောင်သူလယ်သမား ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ကျောင်းအပ်နှံရေးဖွင့်ပွဲ တက်ရောက်

နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်သည် ၂၅-၅-၂၀၁၆ ရက်နေ့တွင် ကျင်းပသော နမ့်ခမ်းမြို့နယ်၊ ကျောင်းအပ်နှံရေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပံ့ပိုးပေးသော ပစ္စည်းများအား ကျောင်းသူ / ကျောင်းသားများကိုယ်စား ဆရာမတစ်ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း သင်တန်းဆင်းပွဲတက်ခြင်းနှင့် ကျောင်းအပ်နှံရေး အခမ်းအနား တက်ရောက်ခြင်းများ ဆောင်ရွက်

ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းသည် ၂၂-၄-၂၀၁၆ ရက်နေ့တွင် ကျေးလက်ဦးစီးဌာနမှ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခြင်းနှင့် ၃၀-၄-၂၀၁၆ ရက်နေ့တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ ဗလာစာအုပ် ဒါဇင်(၅၀)အား လှူဒါန်းခြင်း၊ ကျောင်းအပ်နှံရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။



## ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ ဒုတိယအကြိမ်လွှတ်တော် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်သို့ တက်ရောက်

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ဦးဆောင်သော ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ညွှန်ကြားရေးမှူးတို့သည် ၆-၆-၂၀၁၆ ရက်နေ့မှ ၁၀-၆-၂၀၁၆ ရက်နေ့အထိ ပြည်ထောင်စုလွှတ်တော် နေပြည်တော်တွင် ကျင်းပသော ဒုတိယအကြိမ် လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များအတွက် ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်သို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ပြည်သာယာဈေး ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်သည် ၇-၅-၂၀၁၆ ရက်နေ့၌ အောင်ပန်းမြို့ ပြည်သာယာဈေးတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ရက်(၁၀၀) အကောင်အထည်ဖော်လုပ်ငန်းစဉ်တွင် ပါဝင်သော ဈေး ရေစီးရေလာ ကောင်းမွန်ရန်အတွက် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း စစ်ဘေးရှောင်နှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများအား ထောက်ပံ့ကူညီပေးအပ်ပွဲ အခမ်းအနား တက်ရောက်



နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းသည် ၁၇-၅-၂၀၁၆ ရက်နေ့နှင့် ၁၉-၅-၂၁၆ ရက်နေ့များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော စစ်ဘေးရှောင်နှင့် သဘာဝဘေးဒဏ်သင့်နေအိမ်များထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားနှင့် ဟိုပန်ကျေးရွာမီးဘေးသင့် ပြည်သူများအား အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး စစ်ဘေးရှောင်ပြည်သူများအား သွားရောက်လှူဒါန်းခြင်း ဆောင်ရွက်

သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးသည် ၆-၅-၂၀၁၆ ရက်နေ့တွင် ပါတီအဖွဲ့ဝင်များနှင့်အတူ အုံမူကျေးရွာအုပ်စုမှ ပလောင်တိုင်းရင်းသား စစ်ဘေးရှောင် ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ စားနပ်ရိက္ခာများကို လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။



ထုတ်ဝေသူ- ဦးထက်မာန်အောင် (ပ/၅၆၃၀)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ (၆)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး